ငှက်ပျောတောကျေးရွာ

ကျိုက်ထိုမြို့နယ်



ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ငှက်ပျောတောကျေးရွာ၊ ကျိုက်ထိုမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

မာတိကာ ၁

စကားချီး ၄

ဌက်ပျောတော ကျေးရွာ **အရင်းအမြစ်ပြမြေပုံ၊** ကျိုက်ထိုမြို့နယ် ၅

အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၆

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၆

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၇

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၈

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ ၁၀

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ ၁၂
အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၃

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၅

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၆

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၂
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၃
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၄
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ
နောက်ဆက်တွဲ
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၂၇
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယာဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၅၉

ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ် မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၂

ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

ကိုးကားစာရင်း ၇၀

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၇၁

စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်း နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင် ဆွေးနွေး ညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်း ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည် ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့်လုပ်ငန်းဆောင် ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြု စီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ငှက်ပျောတောကျေးရွာ ၊ ကျိုက်ထိုမြို့နယ်

ငှက်ပျောတောကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ကျိုက်ထိုမြို့နယ်



ရည်ညွှန်း- ငှက်ပျောတောကျေးရွာ။ကျေးရွာအရင်းအမြစ်ပြမြေပုံ - ငှက်ပျောတောကျေးရွာ၊ ငှက်ပျောတောကျေးရွာအုပ်စု၊ကျိုက်ထိုမြို့နယ်တွင်ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၁၅ ခုနှစ် ဩဂုတ်လ ၁၂–၁၄ ရက်)

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းစဉ်

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေး ဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထား မိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေး

စားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်း အချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေ ဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင် နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရရှိနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်း ဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင် ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေး ရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာ အခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှု အပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား။ ။ ငှက်ပျောတောကျေးရွာသည် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၏အရှေ့မြောက်(၁၀)မိုင်အကွာ၊ ကျိုက်ထီးရိုးဘုရားတည်ရှိရာ ကင်ပွန်း စခန်း နှင့် (၃.၂)မိုင်အကွာ၊ ငှက်ပျောတောအုပ်စုတွင် တည်ရှိပါသည်။ ပူအိုက်စွတ်စိုသော ရာသီဥတု ရှိပြီး (၁၀)နှစ် ပျမ်းမျှမိုးရွာရက်(၁၃၃) ရက်၊(၁၇၅.၄၆)လက်မ ရွာသွန်းပါသည်။ ပျမ်းမျှမိုးရွာသွန်း သည့်ရက် နှင့် မိုးရွာသွန်းမှုသည် တစ်နှစ်ထက်တစ်နစ် တဖြည်းဖြည်း လျော့နည်းလာသည်ကို တွေ့ရှိရပါသည်။

(ဂ) သဘာဝအရင်းအမြစ်များ ။ ။ ကျေးရွာတွင်သဲနှင့်ကျောက်များကို အများအပြားထုတ်ယူရရှိနိုင်ပါသည်။ ကျေးရွာ၏ မြောက်ဘက်တွင် ကျောက်ကြောတည်ရှိပြီး ယင်းကျောက်ကြောမှ လမ်းခင်းကျောက်များရရှိနိုင်ပါသည်။ ၄င်္ဂပျောတောကျေးရွာ၏ အနောက်ဖက်တွင် မြောက်မှတောင်သို့ စီးဆင်းလျှက်ရှိပြီး ကျိုက်ထိုမြို့နယ်နှင့်ဘီလင်းမြို့နယ်ကို ပိုင်းခြားထားသည့် သဲဖြူချောင်း တည်ရှိပါသည်။

(၃) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်လက်များ။ ။ ကျေးရွာတွင် ကရင်လူမျိုးများနေထိုင်ကြပါသည်။ အိမ်ထောင်စု(၃၇၀)စု ရှိပြီး လူဦးရေ စုစု ပေါင်း(၁၆၈၀)ဦးရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄-၅)ဦးရှိပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်သည် စုစုပေါင်း လူဦးရေ၏ ၆၂.၆%တွင်ရှိပြီး အမျိုးသမီးဦးရေထက် အမျိုးသား ဦးရေသည် ပိုမိုများပြားပါသည်။ အသက် (၁၅) နှစ်အောက် နှင့် အသက်(၆၀)နှစ်အထက် မှီခိုသူဦးရေ ၃၇.၄%ရှိပါသည်။ အလုပ်လုပ်နိုင်သော လူဦးရေတွင် အမျိုးသားဦးရေသည် အမျိုးသမီး ဦးရေထက် အနည်းငယ်ပိုပါသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ။ ။ ကျေးရွာရှိမိသားစုများသည် တောင်ထန်း၊ မရမ်း၊ ကွမ်းသီး၊ ရော်ဘာ နှင့် ဒူးရင်းစသည့် နှစ်ရှည်ပင်များကို စိုက်ပျိုးထားကြပါသည်။ ဆင်းရဲသား ကျပန်း မိသားစုများသည် တောင်ထန်းခုတ်ခြင်း၊ တောင်ထန်းယက်ခြင်း၊ ခြံရှင်းခြင်း၊ ဝါးခုတ်ခြင်း၊ ဝါးဖောင်မျှောခြင်း၊ ကွမ်းခူးခြင်း၊ စပါးစိုက်ခြင်း နှင့် စပါးရိတ်ခြင်း စသည့် လုပ်ငန်းများကိုလုပ်ကိုင်ကြပါသည်။

ကျေးရွာ၏အခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင်ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့် ခွဲခြားမှုနည်းလမ်းအရ ဆင်းရဲသော အိမ်ထောင်စု(၆၅)ရာခိုင်နှုန်းရှိသောကြောင့် ကျေးရွာကို ဆင်းရဲသည်ဟု သတ်မှတ်ကြပါသည်။

စိုက်ပျိုးမြေပိုင်ဆိုင်မှုအနေအထားသည် စီးပွားရေးအဆင့်အတန်းနှင့် ဆင်းရဲချမ်းသာမညီမျှမှု အချက်အလက်များကို ဖော်ပြပါသည်။ ကျေးရွာ၏ ၁၈.၄%သည် မြေယာမဲ့များဖြစ်ပြီး ဆင်းရဲနှင့် အလွန်ဆင်းရဲသောသူများဖြစ်ကြသည်။ မြေပိုင်ဆိုင်သူများ၏ ၂၃.၅%သည် ၂.၅ဧကအောက်ပိုင်ဆိုင်ကြ၍ ဆင်းရဲသောသူများဖြစ်ပြီး ၂၂.၈%သည် ၂.၅ဧကအထက်ပိုင်ဆိုင်ကြပြီး တောင်သူငယ်များ ဖြစ်ပါသည်။ အလယ်လတ်စားတောင်သူ ၄၀.၄%သာရှိပါသည်။ ၁၂.၅ဧက အထက် ပိုင်ဆိုင်သူ ၁၃.၃% ရှိပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်နစ်နာလွယ်မှု ။ ။ စားနပ်ရိက္ခာဖူလုံမှုစစ်တမ်းအရ ဆင်းရဲသော အိမ်ထောင်စု(၂၃၈)ရှိသည်အနက် (၁၂၁) အိမ်ထောင်စုမှာ ၃လအောက် နှင့် (၄၀) အိမ်ထောင်စုသည် ၃လ နှင့် ၅လအထိ ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ပါသည်။ (၇၇)အိမ်ထောင်စုသည် အနည်းဆုံး ၆လစာ သိုလှောင်ထားနိုင်ပါသည်။ အိမ်ထောင်စုများသည် ချေးငွေများဖြင့် ရပ်တည်နေကြရပြီး အနည်းဆုံး (၁၃၀၀၀)ကျပ် မှ (၁၅)သိန်းထိ ချေးငှားကြရပါသည်။ ကျန်သောအချိန်များတွင် မိသားစုများသည် ခေါက်ပြန်ကြေးယူ၍သော်လည်းကောင်း၊ ဆွေမျိုးများ၏ ပံ့ပိုးမှုဖြင့်လည်းကောင်း၊ သီးနှံကြိုရောင်း၍သော်လည်းကောင်း ဝမ်းစာဖြည့်တင်းကြရပါသည်။ အလယ်အလတ်မိသားစုများ၏ ငွေချေးယူမှုသည် ပိုမိုများပြားပြီး ယင်းအကြွေးကို လုပ်ငန်းလုပ်ကိုင်ရန်အတွက် အသုံးပြုကြပါသည်။

ကျေးရွာကို ချောင်း(၆)ချောင်းနှင့်အင်းကြီး(၂)အင်းဖြင့် ဝန်းရံထားသည့်အတွက် အနိမ့်ပိုင်း အိမ်ထောင်စု(၁၅)စုခန့်မှာ ရေလွှမ်းမိုးခံရသည်။ ကျေးရွာတွင် နှစ်စဉ်မြစ်ရေကြီးခြင်းကြောင့် စိုက်ပျိုးသီးနှံ၊ စိုက်ပျိုးမြေများဆုံးရှုံးခြင်း၊ သဘာဝဘေးအန္တရာယ်များ နှင့် ကြုံတွေ့ချိန်၊ သီးနှံများဖျက်ပိုးနှင့် ရောဂါများကျရောက်ခြင်း၊ ဈေးကွက်မတည်ငြိမ်မှုများဖြစ်ပေါ်ခြင်းကြောင့် ဆင်းရဲသား တောင်သူငယ်များနှင့် ကျပန်းမိသားစုများအတွက် စားနပ်ရိက္ခာမဖူလုံမှုများ မြင့်မားပါသည်။ မုန်တိုင်းတခါတရံ ကြုံတွေ့ရသည့်အခါ ကွမ်းသီးပင်၊ ရော်ဘာပင်များ ပြိုလဲသည်။ အချို့နှစ်များတွင် မိုးခေါင်ခြင်းကို ကြုံတွေ့ရပါသည်။ မီးသွေးအလွန်အကျွံဖုတ်ခြင်းကြောင့် သစ်တောပြုန်းတီးမှု မြင့်မားပါသည်။ ချောင်းရေစား၍ မြေပြိုမှုများဖြစ်ပေါ်လျှက်ရှိပါသည်။ လူငယ်များ လူကုန်ကူးခံရခြင်း၊ အရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်း နှင့် ကူးစက်ရောဂါများရရှိနိုင်ပါသည်။

(ဃ) ကျန်းမာရေး နှင့် အာဟာရ။ ။ ၄င်ဖျားရောဂါထူပြောသောဧရိယာဖြစ်ပါသည်။ လွန်ခဲ့သောနှစ် ၃-၄နှစ်တွင် ရွာသူ/ရွာသားများသည် ၄င်ဖျားရောဂါခံစားရသူ များပြားခဲ့ပါသည်။ ယခုနောက်ပိုင်းနှစ်များတွင် ကျေးရွာရှိ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းမှ သားဖွားဆရာမမှ ၄င်ဖျားသွေး ဖောက်စစ်ဆေးခြင်း၊ ကုသပေးခြင်း၊ ကျန်းမာရေးပညာပေးဟောပြောပေးခြင်းနှင့် ဌာနမှ အခမဲ့ခြင်ထောင် ဖြန့်ဝေခြင်း များကို ဆောင်ရွက်သည့်အတွက် ၄င်ဖျားဖြစ်ပွားမှု လျော့နည်းလာခဲ့ပါသည်။ ၄င်ဖျားရောဂါဖြင့် ဆေးရုံသို့ တက်ရောက်ရမှုမှာ(၃/၄)ဦးသာရှိပါသည်။ နှစ်စဉ် မိုးဦးကျချိန်တွင် တုတ်ကွေးရောဂါ အဖြစ်ပြီး ၎င်းရောဂါများဖြင့် သေဆုံးသူမရှိပါ။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

အသက်(၉)နှစ်အထက်ကျေးရွာလူဦးရေ၏ ၅.၇%သည် စာတတ်မြောက်မှုမရှိကြပါ။ ၇.၃%သည် ဘုန်းတော်ကြီးကျောင်တွင် ပညာသင်ကြားခဲ့သူများဖြစ်ပါသည်။ ပညာတတ်မြောက်မှု အနေဖြင့် မူလတန်းပညာပြီးဆုံးသူ ၁၆.၂%၊ အလယ်တန်းပညာပြီးဆုံးသူ ၈.၄%၊ အထက်တန်းပညာပြီးဆုံးသူ ၀.၈% နှင့် ဘွဲ့ရရှိသူ ၁.၇% ရှိပါသည်။ ယခုအခါ အသက် (၅–၉)နှစ် အတွင်း လူဦးရေ (၁၇၂)ဦးရှိသော်လည်း မူလတန်းပညာတက်ရောက်နေသူ(၂၂၀)ဦး၊ ရာခိုင်နှုန်းအားဖြင့် ၁၂၈%ရှိသဖြင့် ကလေး များ ကျောင်းနေနောက်ကျခြင်းကြောင့် အသက်(၉)နှစ်ကျော်သော်လည်း မူလတန်းအဆင့်တွင်ပင် ရှိနေခြင်း၊ အသက်(၁၀–၁၄)နှစ်အတွင်း လူဦးရေ(၁၄၉)ဦးရှိသော်လည်း တက်ရောက်နေသူ(၉၈)ဦး၊ ရာခိုင်နှုန်းအားဖြင့် ၆၆%ရှိသဖြင့် အသက်(၁၄)နှစ်ကျော်သော်လည်း အလယ်တန်းအဆင့်တွင်ပင် ရှိနေကြပါသည်။

ကျေးရွာတွင် ပညာရေး၊ ကျန်းမာရေးဝန်ထမ်း(၇)ဦးရှိပြီး: တစ်ပိုင်တစ်နိုင်ဝင်ငွေရလုပ်ငန်းအဖြစ် မီးသွေးဖုတ်ခြင်း၊ ဝါးလုတ်၊ တောင်ဝှေး၊ ဖျာယက်ခြင်း၊ လက်သမား/ပန်းရံလုပ်ခြင်း၊ ဆံပင်ညှပ်ခြင်း နှင့် စက်ဘီး၊ ဆိုင်ကယ်ပြင်ခြင်းတို့ဖြင့် ဝင်ငွေရှာဖွေသူများရှိပါသည်။ ယာဉ်မောင်းခြင်းဖြင့်လည်း ဝင်ငွေ ရှာဖွေကြပါသည်။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု။ ။ ၄င်ပျောတောကျေးရွာတွင် တစ်ရက်လျှင် အမျိုးသား တစ်ဦး အလုပ်လုပ်ခ (၄၀၀၀–၅၀၀၀)ကျပ် နှင့် အမျိုးသမီး တစ်ဦးလျှင် (၃၀၀၀)ကျပ်ရရှိပါသည်။

စာမတတ်သူဦးရေတွင် အမျိုးသမီးဦးရေ ပိုမိုများပြားပါသည်။ မူလတန်းအဆင့်တွင် အမျိုးသားများပညာသင်ကြားမှုများပြားပြီး အလယ်တန်း၊ အထက်တန်းထိ တက်ရောက်နိုင်မှု တွင် အမျိုးသမီးဦးရေ ပိုမိုများပြားပါသည်။

အမျိုးသမီးများသည် အမျိုးသားများနည်းတူ မိသားစုကိစ္စများ၊ လူမှုရေးကိစ္စများတွင် ပါဝင်ဆွေး နွေးဆုံးဖြတ်ကြသော်လည်း ကျေးရွာ၏ဖွံ့ဖြိုးရေးအဖွဲ့အစည်းများတွင် အမျိုးသမီးများ ပါဝင်မှု နည်းပါးပါသည်။

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ် အကောင်အထည်ဖော်ရာတွင် ပိုမို ကောင်းမွန်စေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်။ ။ ငှက်ပျောတောကျေးရွာသည် ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုတွင် အားနည်းသည်ဟု ယေဘုယျအားဖြင့် သုံးသပ်နိုင်ပါသည်။ ထို့ပြင် ကျေးရွာတွင် စီးပွားရေးကိုအခြေခံ၍ ဖွဲ့စည်းထားသော အဖွဲ့များမရှိကြဘဲ လူမှုရေး၊ ဘာသာရေးအတွက် ဖွဲ့စည်း ထားသော အဖွဲ့များသာ ရှိပါသည်။

ကျေးရွာတွင်တက်ကြွသော လူငယ်များကို အခြေခံ၍ အခြားလူငယ်များ ဖွံ့ဖြိုးရေးလုပ်ငန်း အသီးသီးတွင် ပါဝင်လာနိုင်စေရန် ဖန်တီးပေးရမည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ။ ။ ကျေးရွာတွင် လယ် ၇၆၊ ဥယျာဉ်ခြံ ၁၉၀၃၊ နှင့် ရော်ဘာ ၁၉၈က နှင့် ပလပ်မြေ ၁၀၀၈က ရှိပါသည်။ မိဘဘိုးဘွားများ စိုက်ပျိုးခဲ့သော နှစ်ရှည် သီးနှံ ပင်များဖြစ်သည့် ကွမ်းသီးပင်၊ ငရုပ်ကောင်း၊ ဒူးရင်း၊ တောင်ထန်း၊ မရမ်း၊ ကြက်မောက်တို့ မှ နှစ်စဉ်ဝင်ငွေ ရရှိနေကြပါသည်။ တချို့မိသားစုများသည် ယင်းသီးနှံများနေရာတွင် ရော်ဘာကို အစားထိုး စိုက်ပျိုးလာကြပါသည်။ စပါးအထွက်နှုန်း အလွန်နည်းသည်။

ဈေးကွက်ဝင်သီးနှံပင်များကို စိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေတိုးတက်လာအောင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ လယ်ယာသုံးပစ္စည်းများကို ဝယ်ယူခြင်း၊ ငှားရမ်းခြင်းဖြင့် အသုံးပြု ကြပါသည်။

လက်ရှိ ရော်ဘာဈေးနှုန်း ကျဆင်းနေသည်။

ငှက်ပျောတောကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်သူမရှိပါ။ ကြက်ကို အိမ်တိုင်းနီးပါး မွေးမြူကြပြီး နွား၊ ကျွဲ၊ ကြက်၊ ဝက်၊ ဘဲ စသည့် တိရိစ္ဆာန်များကို တစ်ပိုင်တစ်နိုင် အနည်းငယ်မွေးမြူကြပါသည်။ တပေါင်း၊ တန်ခူးလတွင် ကြက်နာရောဂါ၊ ကဆုန်၊ နယုန်လများ တွင် ဆိတ် နှင့် နွား ရောဂါ၊ ဝါဆို၊ ဝါခေါင်လများတွင် ဝက်နာရောဂါ များဖြစ်ပွားလျက် ရှိပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ။ ။ ကျေးရွာရှိမိသားစု များသည် ဘုရားဖူးလက်ဆောင် ဝါးလခုတ်၊ တောင်ဝှေး၊ ဖျာယက်ခြင်း၊ ပန်းရံ/လက်သမား၊ ဆိုင်ကယ်ပြင်၊ စက်ချုပ်၊ လှေကျည်ဆိုင်စသော အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ ကျေးရွာနှင့် ၃.၂မိုင်အကွာတွင် ပြည်တွင်းပြည်ပ ဘုရားဖူးဧည့်သည်များ လာရောက်ဖူးမျှော်သည့် ကျိုက်ထီးရိုး ဘုရားတည်ရှိပါသည်။ ပြည်တွင်းဘုရားဖူးခရီးသွားများနှင့် ကမ္ဘာလှည့် ခရီးသည် ဝန်ဆောင်မှု အခြေပြုလုပ်ငန်းများမှ ဝင်ငွေများစွာ ရရှိပါသည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု။ ။ ကျေးရွာကို ချောင်း(၆) ချောင်း နှင့်အင်းကြီး(၂)အင်းဖြင့် ဝန်းရံထားသည့်အတွက် အနိမ့်ပိုင်း အိမ်ထောင်စု(၁၅)စုခန့်မှာ ရေလွှမ်းမိုးခံရသည်။ ကျေးရွာ၏မြောက်ဘက်ရှိ ကျောက်ကြောတွင် လက်ရှိ၌ ကုမ္ပဏီနှစ်ခုမှ

ကျောက်ထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ဆောင်နေကြပါသည်။ ၎င်းကျောက်လုပ်ငန်းသည် ကျေးရွာနှင့် ရွာသူ/သားများအတွက် အပိုဝင်ငွေရရှိနိုင်သည့် အခွင့်အလမ်းတစ်ခုလည်း ဖြစ်ပါသည်။ သို့သော် ကျောက်ထုတ်သည့်လုပ်ငန်းသည် ရေရှည်တွင် ကျေးရွာ၏သစ်တောများကို ထိခိုက်လာနိုင်သည့် မီးသွေးဖုတ်လုပ်ငန်းသည် သစ်တောများ တဖြည်းဖြည်း ကုန်ခမ်းလာပါသည်။

(ငဃ) ဘဏ် နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု။ ။ ချေးငွေဝန်ဆောင်မှုအနေဖြင့် ကျေးရွာ အတွင်း ရွာသူရွာသားများသည် သမဝါယမအသင်းများမှ ချေးငွေရရှိနိုင်ပြီ: မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ပုံစံ(၇) ရှိ လယ်တစ်ဧကလျှင် ၁၀၀၀၀၀/ကျပ်၊ တစ်ဦးလျှင် အများဆုံး(၁၀)ဧက၊ ယာတစ်ဧကလျှင် ၂၀၀၀၀/ကျပ် ဖြင့် ထုတ်ချေးနိုင်ကြပါသည်။ လိုအပ်သောငွေကြေးကို ဆွေမျိုးများနှင့်ရွှေဆိုင်များတွင် ပစ္စည်း အပေါင်ထား၍ ချေးယူရပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။ ။ကျေးရွာ၏**ပညာရေးကဏ္ဍ** တွင် မူလတန်းကျောင်း နှင့် ဘုန်းတော်ကြီးသင်ပညာရေး အလယ်တန်းကျောင်းတည်ရှိပြီး တပည့်၊ ဆရာအချိုး (၄၆) နှင့် (၂၁)ဖြင့် သင်ကြားလျက်ရှိပါသည်။ ကျောင်းဆောင်များသည် အခန်းကာရံထားမှုမရှိသောကြောင့် စာသင်ကြားရာတွင်အာရုံစူးစိုက်မှုအားနည်းကြပါသည်။ အခြေခံပညာမူလတန်းကျောင်းတွင် ပညာရေးဌာနမှကျောင်းသုံးပုံနှိပ်များကိုအလုံအလောက်ပံ့ပိုးထားသော်လည်း ဘုန်းတော်ကြီးသင်ပညာရေးအလယ်တန်းကျောင်းတွင် အလှူရှင်များ၏ပံ့ပိုးမှုအား အားထားရခြင်းဖြစ်သည့်အတွက် အလုံအလောက်မရှိပါ။ ကျောင်းသူ/ကျောင်းသားများအတွက် ပရိဘောဂနှင့် ကျောင်းအိမ်သာ မလုံလောက်ပါ။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းတည်ရှိပြီး သားဖွားဆရာမ(၁)ဦး နှင့် ဆေးမှူး (၂)ဦးသာရှိသည့်အတွက် မိုးဦးကျချိန် ဖျားနာမှုအဖြစ်များသည့်ရာသီတွင် လူနာများ အခက်အခဲ အနည်းငယ် တွေ့ကြုံရပါသည်။

တစ်ရွာလုံးတွင်ရေတွင်း (၂၂၉) လုံးရှိသော်လည်း ကုန်းမြင့်ပိုင်းတွင် တည်ရှိသော (၁၀)တွင်း ခန့်မှာ တပေါင်း၊ တခူးလတွင် ရေခန်းခြောက်မှုနှင့် ကြုံတွေ့ရပါသည်။ ကျန်တွင်းများမှာ ၁၂ ရာသီ ပတ်လုံး သောက်သုံးရေအတွက် လုံလောက်မှုရှိပါသည်။

ယင်လုံအိမ်သာ(၂၄၂)လုံးရှိပြီး တချို့သည် အိမ်သာတစ်လုံးကို ပူးတွဲအသုံးပြုကြပါသည်။ ကျေးရွာ တွင် တောထိုင်အိမ်ခြေ(၂၁)အိမ်ထောင်စုရှိပါသည်။

(ဆ) လူငယ် နှင့် ယဉ်ကျေးမှု။ ။ ကျေးရွာတွင်းတွင် လူငယ်များ အပန်းဖြေနိုင်ရန် (၄) ဧကအကျယ်ရှိသည့် ကျေးရွာပိုင်ဘောလုံးအားကစားကွင်း(၁)ကွင်း၊ ဘိလိယက်ခုံ နှင့် ပေ (၂၀) ပတ်လည်ရှိသည့် ခြင်းခတ်ဝင်းတို့ ရှိပါသည်။ ထို့ပြင်နွေရာသီတွင် ရံဖန်ရံခါ အပျင်းပြေ အပန်းဖြေနိုင်ရန်အတွက် ဘောလီဘော ကစားနိုင်သည့် မြေကွက်လပ်များပင်ရှိပါသည်။ ကျေးရွာပိုင် ဘောလုံးအားကစားကွင်းတွင် နှစ်စဉ် တစ်နှစ်လျင်တစ်ကြိမ် ကျေးရွာအုပ်စုအချင်းချင်း ဘောလုံးယှဉ်ပြိုင်ပွဲများ ရှိပါသည်။

ရိုးရာယဉ်ကျေးမှုထိန်းသိမ်းသည့်အနေဖြင့် ကျေးရွာအတွင်းတွင် ကရင်ဒုံးယိမ်းအဖွဲ့ (၂)ဖွဲ့ရှိပါ သည်။ ပွဲတော်မဟုတ်သည့်အချိန်တို့တွင် အရေးပေါ် ဖျော်ဖြေပွဲများဖြစ်သည့် ရှင်ပြုပွဲ၊ တရားပွဲ၊ အခြားဖော်ဖြေပွဲတို့တွင် သွားရောက်ဖျော်ဖြေမှုများရှိပါသည်။ ထို့ပြင် လူငယ်များဖြင့် ဖွဲ့စည်းထားသည့် အိုးစည်၊ ဒိုးပတ်ဝိုင်း(၃)ဝိုင်းရှိပါသည်။ ဒိုးပတ်ဝိုင်းသည် စီးပွားဖြစ် ဖွဲ့စည်းထားခြင်းမျိုး

မဟုတ်ဘဲ အပျော်သဘောဖြင့်သာဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ အိုးစည်ဒိုးပတ်ဝိုင်းမှ ရှင်ပြုပွဲများ၊ အလှူမင်္ဂလာ ဆောင်ပွဲများတွင် ဖျော်ဖြေခြင်းတို့အားပြုလုပ်ကြပါသည်။

(၉) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်း နှင့် ဆက်သွယ်ရေး)

ငှက်ပျောတောကျေးရွာ မှ အခြားကျေးရွာများသို့ ထုတ်ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရန် နှင့် တစ်နှစ်ပတ်လုံးကားလမ်းဖြင့်သွားလာနိုင်ပြီး မိုးတွင်းအခါ၌ ရေလမ်းဖြင့် အသုံးပြုနိုင်ပါသည်။

သတင်းအချက်အလက်များကို ရပ်ဝေးဒေသများတွင် သွားရောက်လုပ်ကိုင်သူများနှင့် ဆက်သွယ်ရန် အများအားဖြင့် မိုဘိုင်းဖုန်းများကို အသုံးပြုကြသည်။ ကျေးရွာတွင်း၌ ဆက်သွယ်ရေးလိုင်းများ ကောင်းမွန်မှုမရှိဘဲ ကြိုးမဲ့တိုင်များ တပ်ဆင်ထားမှသာ သုံးစွဲ၍ ရပါသည်။အင်တာနက် ဝန်ဆောင်မှု အနေဖြင့် Facebook သုံးစွဲသူ အနည်းငယ်သာရှိသော်လည်း လူငယ်များအနေဖြင့် အသိပညာ၊ ဗဟုသုတနှင့် သတင်းအချက်အလက်များရရှိရန် ကောင်းမွန်စွာ အသုံးမချနိုင်ခြင်း၊ မီးမရရှိခြင်း၊ စာကြည့်တိုက်မရှိခြင်းတို့သည် လူငယ်များ သင်ယူ လေ့လာခွင့်များကို ဟန့်တားထားပါသည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ သတင်းအချက်အလက်များကို ရေဒီယို၊ ရုပ်မြင်သံကြားများမှ ရရှိနိုင်ပါသည်။

ကျေးရွာတွင် ဆိုလာစနစ်ကို အသုံးပြုကြသော်လည်း ပျက်ဆီးမှုရှိပါက ရွာသူရွာသား များသည် ပြန်လည် ပြုပြင်ခြင်း မရှိကြတော့ဘဲ စွန့်ပစ်ကြပါသည်။ ဒီဇယ်သုံး အင်ဂျင်များကိုမူ ကျေးရွာနှင့် ၆.၄ ကီလိုမီတာအကွာ ကင်ပွန်းစခန်းကျေးရွာတွင်လည်းကောင်း၊ ရွာသို့လာရောက်၍ သော်လည်းကောင်း ပြုပြင်ကြပါသည်။

(၈) တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူလုံခြုံရေး။ ။ ကျေးရွာနှင့် (၂) မိုင်အကွာတွင် ကင်ပွန်းစခန်းရဲစခန်းရှိသည့်အတွက် လုံခြုံရေးကောင်းမွန်ပါသည်။ ကျေးရွာတွင်း ရံဖန်ရံခါ ရန်ဖြစ် သည်မှလွဲ၍ အခြားမှုခင်းကြီးများမရှိပေ။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊အဟန့်အတား များ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ အကျဉ်းချုပ်

ကျေးရွာဖွံ့ဖြိုးတိုးတက်လာရေးအတွက် ကျေးရွာလူထု၏ ဖွံ့ဖြိုးရေးအမြင်များ တိုးတက် လာစေရန် လုပ်ဆောင်ပေးနိုင်မှုနှင့် တက်ကြွစွာ ပူပေါင်းပါဝင်လာစေရန် ဦးစီးဆောင်ရွက်နိုင်မှုတို့မှာ အဓိက အချက်များ ဖြစ်ပါသည်။ ထို့ကြောင့် ယင်းအဓိကအချက်ကို ဖော်ဆောင်နိုင်မည့်နည်းလမ်း သို့မဟုတ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာရှိထားရန် အရေးကြီးပါသည်။ ကျေးရွာ၏ လက်ရှိ အခြေအနေ၊ ရင်ဆိုင်နေရသောအခက်အခဲနှင့် စိန်ခေါ်မှုများမှသည် ရရှိလိုသည့် အခြေ အနေသို့ ရောက်ရှိရန် ကြောင်းကျိုးဆက်စပ် ဖော်ဆောင်လုပ်ကိုင်ရပါမည်။

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊

ကျိုက်ထီးရိုးဘုရားသို့ လာရောက်သည့်ဘုရားဖူးခရီးသည်များကြောင့် ဟော်တယ် နှင့် ခရီးသွား လုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများမှ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိကြပါသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သူ လူဦးရေ ၆၂.၆%ရှိသည့်အနက်၊ ဘွဲ့ရပညာတတ်(၂၂)ဦး နှင့် အခြေခံပညာတတ် ကျွမ်းသူလူငယ်များရှိသောကြောင့် အမျိုးမျိုသောလုပ်ငန်းများအတွက် လုပ်သားအင်အား ရှိပါသည်။

ရာသီဥတု၊ရေမြေ၊အခြေအနေသည် သီးပင်စားပင်ဖြစ်ထွန်းစေခြင်း၊ မွေးမြူရေးအတွက် စားကျက် မြေနေရာရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းတို့ကြောင့် တစ်ချိန်တွင် ဈေးကွက်ဖွံ့ဖြိုးလာနိုင်သည်။

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ငှက်ပျောတောကျေးရွာရှိ အဖွဲ့အစည်းများသည် ပြင်ပမှ ဦးဆောင်၍ ဖွဲ့စည်းထားသော အဖွဲ့များ များပြားပြီးဦးရွက်ပြုမည့်သူများ မရှိခြင်း၊ ပြင်ပ အဖွဲ့အစည်းများနှင့်ဆက်သွယ်ရန် အလေ့အထနည်းပါးခြင်း၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၏ စွမ်းဆောင်ရည် အားနည်းခြင်း၊ မြို့နယ်အဆင့်တွင် ကျေးရွာအဆင့်အဖွဲ့အစည်းများ ခိုင်မာတောင့်တင်းရေးအတွက် ဆောင်ရွက်မည့်စနစ်နှင့် စွမ်းရည်များမရှိခြင်းသည် ကျေးရွာဖွဲ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတား တစ်ခုဖြစ်ပါသည်။

လယ်ယာလုပ်ငန်းနှင့် ဒေသတွင်းလုပ်ငန်းများမှ ရရှိသောဝင်ငွေသည် တဖက်နိုင်ငံသို့ သွားရောက်လုပ်ကိုင်ခြင်းဖြင့် ရရှိသောဝင်ငွေနှင့် ကွာခြားသောကြောင့် လူငယ်များသည် နည်းလမ်းမျိုးစုံဖြင့် သွားရောက်နေကြသဖြင့် ဒေသတွင်းလုပ်သားရှားပါးခြင်းတို့ ဖြစ်ပေါ်နေပါသည်။

ဟော်တယ်နှင့်ခရီသွားလုပ်ငန်း ဖွံ့ဖြိုးလာသော်လည်း ကျွမ်းကျင်မှုနှင့်အရည်အသွေးပြည့်ဝသည့် လုပ်သားများ လိုမပ်နေသေးသည်။

စိုက်ပျိုးမွေးမြူရေးဆိုင်ရာ နည်းပညာဝန်ဆောင်မှု အားနည်းခြင်း၊ ကုန်ချောထုတ်လုပ်မှုအရည် အသွေးနိမ့်ကျခြင်းတို့ကြောင့် အကျိုးအမြတ်နည်းခြင်း ကူးစက်မှုဖြစ်ပွားခြင်းတို့သည် မွေးမြူရေး ကဏ္ဍတိုးတက် ရေးအတွက် အဟန့်အတားများ ဖြစ်ပါသည်။

ဆရာဆရာမမလုံလောက်ခြင်း၊ ကျောင်းဆောင်နှင့်ပရိဘောဂမလုံလောက်ခြင်း၊ မြို့သို့ကျောင်းတက် ရန် မတတ်နိုင်ခြင်းသည် ပညာတတ်မြောက်မှုတွက် အဟန့်အတားများ ဖြစ်ပါသည်။

ကျေးရွာရှိအိမ်ခြေများသည် ပြန့်ကျဲနေသောကြောင့် ကျန်းမာရေးပညာပေး အသိပညာ၊ ဗဟုသုတ များ ရရှိနိုင်မှု အားနည်းပါသည်။

မူးယစ်ဆေးဝါးလွယ်ကူစွာဝယ်ယူရရှိနိုင်ခြင်းကြောင့်.ဆေးစွဲမှုကိုကြီးထွားစေပါသည်

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

(က) ရည်မှန်းချက် ပန်းတိုင်

ကျွန်ုပ်တို့ ငှက်ပျောတောကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နှင့် ကျေးရွာသူ၊ ရွာသားများပူးပေါင်း၍ လူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများရေးဆွဲရာတွင် ကျေးရွာ၏ရည်မှန်းချက်ပန်းတိုင်နှင့် ယင်းပန်းတိုင်ရောက်ရှိရေးအတွက် အကောင်အထည်ဖော်ရမည့် နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ်ထားခဲ့ကြပါသည်။ ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကထား၍ အသက်မွေးဝမ်းကြောင်းပြုသော ကျေးရွာတစ်ရွာ ဖြစ်၍ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာသည်နှင့်အတူ အခြားစီးပွားရေးကဏ္ဍများ ဖွံ့ဖြိုး

တိုးတက်ရန်ရည်ရွယ်၍ အောက်ပါ ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်ပန်းတိုင် ၃ ချက်ကို ရေးဆွဲထားပါသည်။

က) အရည်အသွေးမြင့်၊ စီးပွားရေးတွက်ခြေကိုက်သော စိုက်ပျိုးရေး ထုတ်ကုန်တိုးမြှင့် ထုတ်လုပ်ခြင်း၊ မွေးမြူရေးများ တိုးတက်လုပ်ကိုင်နိုင်ခြင်းဖြင့် **မိသားစုများ ဝင်ငွေတိုးလာစေရမည်။**

ခ) ယဉ်ကျေးမှုအမွေအနှစ်များ၊ သမိုင်းဝင် ဘုရားပုထိုးများဖြင့် ပြည်တွင်းပြည်ပ ခရီးသွားများကို ဆွဲဆောင်၍ ခရီးသွားလုပ်ငန်းများကို ထူထောင်ခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာစေပြီး **စီးပွား ရှာဖွေနိုင်စွမ်းနှင့် ဝင်ငွေ တိုးမြင့်လာ ရမည်။**

ဂ) ပညာရေး၊ ကျန်းမာရေး၊ ရေကောင်းရေသန့်ရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး နှင့် ကျေးရွာမီးလင်းရေးစသည့် **လူမှုဘဝအဆင့်အတန်း ပိုမိုတိုးတက်လာ စေရန်** တို့ ဖြစ်ပါသည်။

(ခ) နည်းဗျူဟာ

ငှက်ပျောတောကျေးရွာအတွင်း ကဏ္ဍအလိုက်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီတို့က သက်ဆိုင်ရာဦးစီးဌာနများဖြင့် သက်ဆိုင်ရာကဏ္ဍ အလိုက် ချိတ်ဆက်ဆောင်ရွက်ကြမည်ဖြစ်ပါသည်။ ယင်းကော်မတီ အနေဖြင့် ကျေးရွာအတွင်းရှိ သက်ဆိုင်ရာ ကျေးရွာသူ၊ ကျေးရွာသားများဖြင့် တွဲဖက်ကာ ဖွံ့ဖြိုးရေးစီမံကိန်းများကို ရေးဆွဲခြင်း၊ ကြီးကြပ် အကောင်အထည်ဖော်ခြင်း၊ ကျေးရွာလူထုသို့ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို စာရင်းဇယားနှင့်တကွတင်ပြခြင်း စသည်ဖြင့် ပွင့်လင်းမြင်သာသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆက်လက် တိုးတက်လုပ်ကိုင်သွားရမည် ဖြစ်ပါသည်။ လက်တွေ့အကောင်အထည် ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကို ကျင့်သုံး၍ စနစ်တကျ ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

(၁) ကျေးရွာရှိ မိရိုးဖလာစိုက်ပျိုးနည်းများကိုသာ အသုံးပြုနေသောတောင်သူများ၏ ဝင်ငွေတိုးတက်လာစေရန်အတွက် အရည်အသွေးကောင်းပြီး ဈေးကွက်အတွင်း လူကြိုက်များသော၊ အထွက်ကောင်းသည့် ရာသီသီးနှံများကို ဦးစားပေးစိုက်ပျိုးထုတ်လုပ်ရန်နှင့်စိုက်ပျိုးရေး နည်း ပညာ ဝန်ဆောင်မှုနှင့် မျိုးကောင်းမျိုးသန့်များလွယ်ကူစွာ လက်လှမ်းမီရေးအတွက် လိုအပ်သည်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနများ၊ စိုက်ပျိုးရေးကုမ္ပဏီများနှင့်ချိတ်ဆက်လုပ်ဆောင်ရန် ဖြစ်ပါသည်။

(၂) မြို့နယ်စက်မှုသီးနှံဦးစီးဌာန၊ ကျိုက်ထိုမြို့နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့နှင့် ချိတ်ဆက်၍ အရည်အသွေးမှီသောရော်ဘာပြားများကို ထုတ်လုပ်ပေးနိုင်ရန် နှင့် ကောင်းမွန်သော ရော်ဘာဈေးကွက် လက်လှမ်းမီရန်အတွက် လိုအပ်သော သွင်းအားစုများ နှင့် နည်းပညာများစနစ်တကျ သုံးစွဲနိုင်ရေး လုပ်ဆောင်ရန် ဖြစ်ပါသည်။

(၃) သွင်းအားစုများအချိန်မှီ အသုံးပြုနိုင်ရန်နှင့် အချိန်မှီ စိုက်ပျိုးထွန်ယက်နိုင်ရန်အတွက် လုံလောက်သော ငွေကြေးဝန်ဆောင်မှုများသို့ လက်လှမ်းမီမှုတိုးတက်စေရန်အတွက် ချေးငွေဝန်ဆောင်မှုပေးသော အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်ဖြစ်ပါသည်။

(၄) ကျေးရွာအတွင်းရှိ လူငယ်များ၏ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်အတွက် ဒေသထွက်ကုန်များအခြေခံသော ကုန်ချောထုတ်လုပ်မှုနှင့်ရောင်းဝယ်မှုများ၊ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေသော စက်ရုံ၊ အလုပ်ရုံများ၊ ဟော်တယ်နှင့် ခရီး သွားလာရေး ကဏ္ဍဖွံ့ဖြိုးရေးအတွက်

အထောက်ကူပြုမည့် အခြေနေကောင်းများ နှင့် လူငယ်လူရွယ်များ အားစွမ်းရည်မြှင့် သင်တန်းများပေးနိုင်အောင် ဖန်တီးဆောင်ရွက်ခြင်းတို့ လုပ်ဆောင်ရန် ဖြစ်ပါသည်။

(၅) ကျေးရွာသူသားများ ပြည့်စုံကောင်းမွန်သော သင်ကြားမှုဆိုင်ရာ ဝန်ဆောင်မှုများ၊ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများအားလက်လှမ်းမီရေးနှင့် ပညာရေး၊ ကျန်းမာရေးနှင့် သက်ဆိုင်သော အသိ၊ ဉာဏ်ပညာများ တိုးပွားရေးတို့အတွက် ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေး၊ ကျေးရွာမီးလင်းရေးတို့အားသက်ဆိုင်ရာ ဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်းတို့ လုပ်ဆောင်ရန် ဖြစ်ပါသည်။

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒ နှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြုဖော်ထုတ် ပေးနိုင်ခဲ့ကြ ပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန် အရေးပါ ပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ/သားများ ကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စီစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန် မှန် ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်း စသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက် ရရှိမည်ဟု မျှော်လင့်ပါသည်။

(ခ) ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ

အိမ်ထောင်စုတစ်ခုချင်း၏ စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုတ်နှံရန် ချေးငွေသည် အရေးကြီးပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စပါးသီးနှံတစ်ခုတည်းကိုသာ အဓိကထားရာမှ ဒေသအလိုက် စိုက်ပျိုးသောသီးနှံများအတွက်ပါ အဆင်ပြေသောအစီအစဉ်ဖြင့် ဆောင်ရွက်ပေးနိုင်ရန် ချိတ်ဆက်ရပါမည်။ ထို့ပြင် ပုဂ္ဂလိက၊ ကဏ္ဍမှငွေကြေးဆိုင်ရာအဖွဲ့အစည်းများ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်နိုင်ရန် ချိတ်ဆက်တင်ပြရပါမည်။

ကျေးရွာသမဝါယမအသင်း

သမဝါယမဦးစီးဌာန၏ပုံမှန်ကျေးရွာသမဝါယမအသင်းများအပြင် ၂၀၁၃ ဖေဖော်ဝါရီလတွင် ကုလသမဂ္ဂအစီအစဉ်၏ဦးဆောင်မှုဖြင့် ကျေးရွာများရှိ အချို့သော အသက်မွေးဝမ်းကျောင်းအဖွဲ့အစည်းများ၊ ကိုယ့်အားကိုယ်ကိုး အဖွဲ့စည်းများအားသမဝါယမအသင်းများအဖြစ်ဖွဲ့စည်းခဲ့ပါသည်။ မည်သည့်လုပ်ငန်းအတွက်မဆိုထုတ်ချေး၍ရပြီး ချေးငွေကာလမှာ(၆လ)ဖြစ်ပါသည်။ အတိုးနှုန်းမှာ ငွေ၁၀၀ကျပ်လျှင် ၁.၁၅ကျပ်တိုးဖြစ်ပြီး မြို့နယ်သမဝါယမသို့ ၁ကျပ်တိုး ပြန်သွင်းရပြီး အဖွဲ့ထဲတွင်

၀.၁၅ကျပ်တိုး ကျန်ရှိခဲ့မည်ဖြစ်ပါသည်။ အဖွဲ့ငယ်(၁၀)ဦးတစ်ဖွဲ့ဖွဲ့ရပြီး အချင်းချင်း ပြန်လည် အာမခံရသည့်စနစ်ကို ကျင့်သုံးကြပါသည်။

(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာ နှင့် ဈေးကွက်အတွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း

ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ခုမှာ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၏ ဈေးကွက်ဆိုင်ရာသဘောသဘာဝများ သိရှိမှုအားနည်းခြင်းဖြစ်သည်။ သို့ဖြစ်၍ ဈေးကွက်ဖေါ်ဆောင်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိက နှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ ပံ့ပိုးမှုရရှိရန် တင်ပြ ချိတ်ဆက်ရပါမည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာနည်းပညာသင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာများအလိုက် ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ၀န်ဆောင်မှုလုပ်ငန်းများ စသည်တို့အတွက် လိုအပ်သော ကျွမ်းကျင်မှုအသစ်များအလိုက် စွမ်းဆောင်ရည် မြှင့်တင်ခြင်းများဖြင့် ချိတ် ဆက်ရန်လိုအပ်ပါသည်။

ကျေးရွာရှိ လူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာ အသုံးချနိုင်ရုံမက ဒေသတွင်း တနိုင်တပိုင် အသေးစားလုပ်ငန်းများ တိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ ဝင်ငွေရရှိမှုကို မြင့်မားလာစေမည် ဖြစ်ပါသည်။

(ဃ) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်ဆိုသည်မှာ ချမှတ်ထားသည့်ဗျူဟာကို လုပ်ငန်းအဖြစ် အောက်ခြေတွင် ဆောင်ရွက်သည့်အလုပ်ဖြစ်သည်။ စီမံကိန်းကာလ(၅)နှစ်တာအပြီးတွင် ချမှတ်ထားသည့်ပန်းတိုင် ရောက်ရှိရေးအတွက် စီမံချက်အသီးသီးတို့ကို အစီအစဉ်တကျ ချိတ်ဆက်ဆောင်ရွက်သွားရပါမည်။

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူစေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classify-cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

(၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

(ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ/သား အုပ်စု (၄) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ-

စဉ်	ကဏ္ဍ/ အကြောင်းအရာ	စီမံချက်	ဦးစားပေး ရမှတ်	ဦးစားပေး အဆင့်	စီမံချက် အခွင့်အလမ်း နှင့် ဖော်ပြချက်	မှတ်ချက်
၁။	စီမံအုပ်ချုပ်မှုစနစ်	၁။ကျေးရွာအဖွဲ့အစည်းများ၏ စွမ်းရည်မြှင့်တင်ခြင်း	၆၈	၉	• ကျေးရွာဖွံ့ဖြိုးရေးကော် မတီဖွဲ့စည်း၍ အဖွဲ့ စည်း ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး သဘောတရားနှင့် လက်တွေ့ အတွေ့ကြုံ များရရှိစေပြီး လူထုအခြေပြု အဖွဲ့များခိုင်မာ တောင့်တင်းအောင်ဆောင်ရွက်ခြင်း ➢ အဖွဲ့စည်းဆိုင်ရာဖွံ့ဖြိုး တိုးတက်ရေး သဘော တရား သင်တန်းပို့ချပေးခြင်း၊ ➢ ကျေးရွာစီမံချက်များလက်တွေ့အကောင်ထည်ဖော်လေ့ကျင့်စေခြင်း	
၂။	စိုက်ပျိုးရေးနှစ်ရှည်ပင်	၂။ရော်ဘာထုတ်လုပ်မှုတိုးတက်ရေးအတွက် နည်းပညာနှင့် ငွေကြေးဆိုင် ရာဝန်ဆောင်မှုများ လက်လှမ်းမှီရေး	၇၉	၅	• ဌာနဆိုင်ရာများ၊ ပုဂ္ဂလိ ကအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ➢ အရည်အသွေးကောင်းမွန်သော အဖူးကူးရော်ဘာပျိုးပင်များစိုက်ပျိုးနိုင်အောင်ဖန်တီးခြင်း။ ➢ အရည်အသွေးမြှင့်ရော်ဘာ ပစ္စည်းများထုတ်လုပ်မှုဆိုင်ရာ နည်းပညာဖွံ့ဖြိုးအောင် ဆောင်ရွက်ခြင်း။ ➢ ရော်ဘာထုတ်လုပ်မှုလုပ်ငန်းအတွက် ချေးငွေ ရရှိရန် ဖန်တီးခြင်း။	
		၃။ငရုတ်ကောင်းသီးနှံတိုးတက်စိုက်ပျိုးရေး			• ဌာနဆိုင်ရာများ၊ ပုဂ္ဂလိ ကအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ➢ ဘက်စုံပိုးမွှား ရောဂါ ကာကွယ်ရေးနည်းပညာပေးခြင်း။ ➢ ပိုမိုကောင်းမွန်သောစိုက်ပျိုးနည်းစနစ်များအသုံးပြု၍ တိုးတက်စိုက်ပျိုးထုတ်လုပ် ခြင်း။ ➢ ငရုတ်ကောင်းစျေးကွက်ဖွံ့ဖြိုးအောင်ဆောင်ရွက်ခြင်း။	

စဉ်	ကဏ္ဍ/ အကြောင်းအရာ	စီမံချက်	ဦးစားပေးရမှတ်	ဦးစားပေးအဆင့်	စီမံချက် အခွင့်အလမ်း နှင့် ဖော်ပြချက်	မှတ်ချက်
၃။	**မွေးမြူရေး**	၄။မွေးမြူရေးဆိုင်ရာနည်းပညာနှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ လက်လှမ်းမီရေး	၇၅	၆	• မွေးမြူရေးဆိုင်ရာနည်းပညာနှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း ➢ မွေးမြူရေးအဖွဲ့ဖွဲ့စည်း ခြင်း၊ ➢ ရောဂါကာကွယ်ကုသ နည်းသင်တန်းပေးခြင်း ➢ ကာကွယ်ဆေးပုံမှန် ထိုးနှံခြင်း၊	
